# သွေးအဆိပ်တက်ခြင်း

## သွေးအဆိပ်တက်ခြင်း (sepsis) ရှိသည့် ကလေးများ ၏ မိဘများ၊ စောင့်ရှောက်သူများနှင့် မိသားစုများအတွက် သိကောင်းစရာ အချက်အလက်များ

## သွေးအဆိပ်တက်ခြင်း (Sepsis) ဆိုသည်မှာ အဘယ်နည်း။

ခန္ဓာကိုယ်သည် ကူးစက်မှုတစ်ခုအပေါ် အလွန်အမင်း တန်ပြန်သည့်အခါ ၎င်း၏ တစ်ရှူးများနှင့်ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများအား ထိခိုက် စေခြင်းဖြင့် သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်ပွားတတ်ပါသည်။ သွေးအဆိပ်တက်ခြင်း (Sepsis) ကို ကူးစက်မှု တစ်ခုခု (ဗိုင်းရပ်စ်၊ မှိုကပ်ခြင်း၊ ဘက်တီးရီးယားပိုး) ၏ လှုံ့ဆော်မှုကြောင့် ဖြစ်ပွားနိုင်သော်လည်း ဦးနှောက်၊ အဆုတ်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ဝမ်းဗိုက်၊ အရေပြားနှင့် နူးညံ့သော တစ်ရှူးများအား ဘက်တီးရီးယား ကူးစက်မှုများဖြင့် အများဆုံး ဖြစ်ပွားကြပါသည်။

## သင့်ကလေးအား ဆေးရုံ၌ စောင့်ရှောက်ခြင်း

သင့်ကလေး၏ ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့သည် အောက်ပါတို့ အပါအဝင် အရေးပေါ် ကုသမှုများကို လုပ်ဆောင်ပေးပါမည်-

- အကြောသွင်းပိုက်ထည့်ခြင်း၊ သွေးထုတ်ယူခြင်းနှင့် ဘက်တီးရီးယား ရောဂါပိုး သတ်ဆေး တိုက်ခြင်း
- သင့်ကလေး၏ သွေးလည်ပတ်မှုကို ပံ့ပိုးပေးရန် အကြောသွင်းပိုက်မှတစ်ဆင့် အရည်များနှင့် ဆေးဝါးများ ထည့်သွင်းပေးခြင်း။
- ကုသမှုကြောင့် သင့်ကလေး ပြန်ကောင်းလာမှုကို စောင့်ကြည့်ခြင်း
- သွေးအဆိပ်တက်ခြင်း (Sepsis) ပညာရှင်ဆရာဝန်ကြီးနှင့် ဆွေးနွေးခြင်း။
- သင့်ကလေးအား စောင့်ရှောက်ရန် အသင့်တော်ဆုံး နေရာသို့ ပြောင်းရွှေ့ပေးရန် စီစဉ်ခြင်း၊ ၎င်းမှာ အထွေထွေ လူနာဆောင် သို့မဟုတ် ကလေး အထူးကြပ်မတ် လူနာဆောင် (PICU) ဖြစ်နိုင်သည်။

သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့တွင် လူအများအပြား ပါဝင်ပါမည်၊ ဆရာဝန်များ၊ သူနာပြုများနှင့် လူမှုဝန်ထမ်းလုပ်သား တစ်ဦးဖြစ်နိုင်သည်။ သင်သည် သင့်ကလေး၏ အဓိက ပံ့ပိုးသူနှင့် ဆောင်ရွက်ပေးသူဖြစ်သည်- သင့်ကလေး အခြေအနေ၊ တိုးတက်မှုနှင့် သင်စိုးရိမ်သည့် မည်သည့်ပြောင်းလဲမှုမဆို ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့အား အသိပေးပါ။

ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့သည် အောက်ပါတို့အကြောင်း သင်နှင့်ပြောဆိုသင့်သည်-

- **သွေးအဆိပ်တက်ခြင်း (Sepsis) ဟုရောဂါ ဖော်ထုတ်ခံရခြင်းမှာ သင့်ကလေး အတွက် ရေတို၊ အလယ်အလတ်နှင့် ရေရှည် ကာလတွင် မည်သည်ကိုဆိုလို ကြောင်း**
- **သင့်ကလေးအား ကုသမှု၊ မည်သူက ကုသပေးမည်နှင့် ကုသမှုကြောင့် ကလေး၏ ပြန်ကောင်းလာမှုအတွက် အစီအစဉ်များ။**
- **သင့်ကလေး ပြန်လည်ကောင်းမွန်လာစဉ် မည်သည့်အရာကို မျှော်လင့်ရမည် ဖြစ်ကြောင်း။**
- **သင့်ကလေး ပိုဆိုးလာသည်ဟု သင် စိုးရိမ်နေပါက ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့ကို မည်သို့အကြောင်းကြားမည်။**
- **ဆေးရုံ၌ သင် ရနိုင်သည့် ပံ့ပိုးမှု တို့ဖြစ်ကြသည်။**




## Ryan's စည်းမျဉ်း

သင်နှင့်သင့်မိသားစုအား သင့်ကလေး၏ ကုသမှုဆိုင်ရာ ရွေးချယ်နိုင်သည့်နည်းလမ်းများကို အသိပေးပါမည်၊ စောင့်ရှောက်မှုနှင့်ပတ်သက်၍လည်း ပါဝင်ခွင့်ပေးပါမည်။ အကယ်၍ သင့်ကလေး ကျန်းမာရေး အခြေအနေမှာ ပိုဆိုးလာသည် သို့မဟုတ် တိုးတက်မှု ရှိမလာသည်ဟု သင် စိုးရိမ်လာလျှင် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့နှင့် ရှေဦးစွာ ဆွေးနွေးပါ။ စိုးရိမ်မှုများ အကြောင်းကို တင်ပြခြင်း အကြောင်း လေ့လာရန် သင် Children's Health Queensland ဝက်ဘ်ဆိုက်ရှိ 'Ryan's စည်းမျဉ်း' ကိုလည်း ရှာနိုင်ပါသည်။

Queensland Government

နောက်ဆုံးအကြိမ် အချိန်နှင့် တပြေးညီ ပြင်ဆင်သည့်ရက်စွဲ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

## ဆေးရုံ၌ သင့်မိသားစုအတွက် ပံ့ပိုးမှု

သွေးအဆိပ်တက်ခြင်း (sepsis) ကဲ့သို့ ရှုပ်ထွေးသည့် ကျန်းမာရေး ပြဿနာကို ကိုင်တွယ်ဖြေရှင်းရခြင်းနှင့် ဆေးရုံတက်ရခြင်းသည် မိသားစုဝင်အားလုံးအတွက် စိတ်သောကရောက်နိုင်ပြီး ခက်ခဲနိုင်ပါသည်။ အောက်ပါတို့ပါဝင်နိုင်သည့် နောက်ထပ် ပံ့ပိုးမှုကိုရရန် နည်းလမ်းများနှင့် ပတ်သက်၍ သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့နှင့် ဆွေးနွေး ပါ-

- သင့်ကလေး၏ ကျန်းမာရေးအခြေအနေနှင့် ဆေးရုံတက်ခြင်းကို လိုက်လျောညီထွေဖြစ် အောင်နှင့် စီမံရန် လူမှုဝန်ထမ်းလုပ်သားများက ကူညီပေးနိုင်ပါသည်။
- နေရေးထိုင်ရေး၊ ငွေကြေး၊ ခရီးသွားလာရေး၊ နှင့် လူမှုရေးလိုအပ်ချက်များကို လက်တွေ့ပံ့ပိုးပေးနိုင်သည့် လူမှုဝန်ထမ်းလုပ်သားများ။

**ကလေးများနှင့် ဆေးဘက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

အချို့ဆေးဘက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် အခက်အခဲရှိနေသည့် ကလေးများ ရှိတတ်ကြပါသည်။ သင့်ကလေးအား သင့်ပံ့ပိုးမှုဖြင့် နှစ်သိမ့်ပေးပါ။ ဤသို့ဖြင့် မည်သို့ဖြစ်လာမည်၊ လုပ်ထုံးလုပ်နည်း အဘယ်ကြောင့် လိုအပ်သည် နှင့် မည်သူတွေပါဝင်မည်ကို သိရှိ ခြင်းသည် ကလေးများအတွက် အထောက်အကူပြုပါသည်။ ပိုမိုသိရှိရန် ဤ QR ကုဒ်ကို စကင်ဖတ်ပါ ထို့နောက် သင့်ကလေးအား ဆေးဘက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း လုပ်ဆောင်နေစဉ် ပံ့ပိုးပေးခြင်းနှင့် ပတ်သက်သည့် ကျွန်ုပ်တို့၏ ဆွေးနွေးခန်းစာကို ဖတ်ရှုပါ။

**ယဉ်ကျေးမှုဆိုင်ရာ ပံ့ပိုးမှု**

သင် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အား အသိပေးရမည်မှာ-

ဘာသာပြန်ဆိုသူ သို့မဟုတ် စကားပြန် လိုမလို။

အဘိုရစ်ဂျင်နယ်တိုင်းရင်းလူမျိုး သို့မဟုတ် တောရက်စ်ရေလက်ကြား ကျွန်းသားလူမျိုး ဆက်သွယ်ရေး အရာရှိ လိုမလို။

**သွေးအဆိပ်တက်ခြင်း (Sepsis) ရောဂါဆိုင်ရာ ပံ့ပိုးရင်းမြစ်များ**

*Sepsis in Children* ဝက်ဘ်ဆိုက်တွင် မိသားစုများအတွက် အောက်ပါတို့ အပါအဝင် အချက်အလက်များ ရှိပါသည်-

- **'Journeying through Sepsis' ဗီဒီယို အတွဲလိုက်တွင်** သင့်ကလေး၏ သွေးအဆိပ်တက်ခြင်း (sepsis) ရောဂါအဆင့်တစ်ဆင့်ချင်းကို ရင်ဆိုင်ရန် သင့်အား ပံ့ပိုးပေးသည်။
- **ကလေးသူငယ် သွေးအဆိပ်တက်ခြင်း (Sepsis) မိသားစု ပံ့ပိုးရေး ကွန်ချာ**
- **ကလေးသူငယ် သွေးအဆိပ်တက်ခြင်း (Sepsis) ဖြစ်သူ အချင်းချင်းကူညီဖေးမပေးရေး အစီအစဉ်**

ပိုမိုသိရှိရန် *Sepsis in Children*အကြောင်းကို ဝက်ဘ်ဆိုက် www.childrens.health.qld.gov.au/sepsis တွင်ကြည့်ပါ သို့မဟုတ် အောက်ပါ QR ကုဒ်ကို စကင်ဖတ်ပါ။

## သင့်ကလေး၏ ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့အား သင် မေးနိုင်သည့် မေးခွန်းများ

- ကျွန်ုပ်ကလေးအတွက် ကုသမှုမှာ ဘာဖြစ်မည်နည်း။
- ဤကုသမှုကို မည်သူက ဆောင်ရွက် ပေးမည်နည်း။
- သွေးအဆိပ်တက်ခြင်း (sepsis) နှင့် ကုသမှုကြောင့် ကျွန်ုပ်ကလေးအား မည်သို့ထိခိုက်မည်နည်း။
- သွေးအဆိပ်တက်ခြင်း (sepsis) နှင့် ကုသမှုကြောင့် မည်သို့သော နောက်ဆက်တွဲပြဿနာများကို ကျွန်ုပ် သိရှိထားသင့်သလဲ။
- အဘယ်ကြောင့် ကျွန်ုပ်ကလေး သွေးအဆိပ်တက်ခြင်း (sepsis) ဖြစ်ခဲ့ပါသနည်း။
- ကျွန်ုပ်ကလေး၏ စောင့်ရှောက်မှုအတွက် ဆေးရုံတွင် ကျွန်ုပ်က အဓိက ဆက်သွယ်ရမည့်သူမှာ မည်သူနည်း။
- သွေးအဆိပ်တက်ခြင်း (sepsis) အား မူလအားဖြင့် အသည်းအသန်ကုသပေးပြီးနောက် ဆေးရုံတွင် ကျွန်ုပ်ကလေး ပြန်လည်ကောင်းမွန်လာစဉ် ကျွန်ုပ် ဘာကို မျှော်လင့်သင့်သနည်း။
- အကယ်၍ ကျွန်ုပ်ကလေး ပိုဆိုးလာပါကကျွန်ုပ် မည်မျှစိုးရိမ်ရနိုင်ပါသနည်း။
- ကျွန်ုပ်၊ ကျွန်ုပ်ကလေးနှင့် ကျွန်ုပ် မိသားစုအတွက် ဆေးရုံ၌ မည်သည့် ပံ့ပိုးမှုများ ရရှိနိုင်ပါသနည်း။။
- ဆေးရုံက ဆင်းပြီးနောက် ကျွန်ုပ်ကလေး ပြန်လည်ကောင်းမွန်ရေးနှင့် ပတ်သက်ပြီး ကျွန်ုပ် ဘာကိုမျှော်လင့်သင့်ပါသနည်း။။
- ကျွန်ုပ်ကလေး၏ သွေးအဆိပ်တက်ခြင်း (sepsis) ရောဂါဖော်ထုတ်ခံရမှုနှင့်ပတ်သက်ပြီး ရေရှည် ထိခိုက်မှုများမှာ အဘယ်နည်း။
- ကျွန်ုပ်ကလေး ဆေးရုံသို့ ပြန်လာရနိုင်ဖွယ် ရှိပါသလား။
- ကျွန်ုပ်ကလေး ပြန်လည် နာမကျန်းဖြစ်လာကြောင်းလက္ခဏာများမှာ အဘယ်နည်း၊ မည်သည့်အခါ ဆေးရုံသို့ သို့မဟုတ် ဆရာဝန်သို့ ပြန်လာပြသင့်သနည်း။
- ဆေးရုံမှ ဆင်းသွားပြီးနောက် ကျွန်ုပ်ကလေးနှင့် မိသားစုအတွက် ရရှိနိုင်သော ပံ့ပိုးမှုများမှာ အဘယ်နည်း။



**နာမကျန်းမှုမှာ ပြောင်းလဲနိုင်သည် – သင့် အတွင်းစိတ်ကို စိတ်ချယုံကြည်ပါ။ အကယ်၍ သင့်ကလေးတွင် မကြာသေးမီက သွေးအဆိပ်တက်ခြင်း (sepsis) ဖြစ်ခဲ့သည့်တိုင် ကလေးတွင် ပြန်ဖြစ်လာသည်ဟု သင် ထင်မြင်ယူဆပါက ဆေးရုံသို့ ပြန်လာပြီး '၎င်းမှာ သွေးအဆိပ်တက်ခြင်း (sepsis) ဖြစ်နိုင်သလား' ဟုမေးမြန်းပါ။**

**Visit www.childrens.health.qld.gov.au/Sepsis**